ဖော့ဝိန်းမြို့၊ အင်ဒီယားနားပြည်နယ်ကို အလည်လာရောက်လှည့်ပါ။
ဖော့ဝိန်းမြို့မှ ကြိုဆိုပါတယ်။

VisitFortWayne
INDIANA

မိတ်ဆွေတို့အနေနဲ့ ဖော့ဝိန်းမြို့အကြောင်းကို စိတ်ဝင်တစားရှိလှတာကို အလွန်အင်မတန်မှဝမ်းမြောက်ပြီး ကျွန်ုပ်တို့အနေနဲ့ မိတ်ဆွေတို့ရဲ့ လာရောက်လည်ပတ်မှုအချိန်အတွင်းမှာ အမှတ်တရလေးဖြစ်ကျန်နေစေဖို့အတွက် ကူညီပေးရန် စိတ်အားထက်သန်လှပါတယ်။

အင်ဒီယားနားပြည်နယ်၊ ဖော့ဝိန်းမြို့ သို့လည်ပတ်ခြင်းအကြောင်း သတင်းအချက်အလက်တွေကို အသေးစိတ်သိလိုပါက ၁-၈၀၀-၇၆၇-၇၇၅၂ ကိုခေါ်ဆိုနိုင်သလို www.VisitFortWayne.com ကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။

## မိသားစု ပျော်ရွှင်မှုများ



ဖော့ဝိန်းမြို့ရဲ့ ကျက်သရေဆောင် ပြတိုက်များနဲ့ ၄င်းတို့ရဲ့ ဆွဲဆောင်မှုများဟာ အရွယ်စုံရှိနေကြတဲ့ ကလေးအများစုရဲ့ စိတ်လှုပ်ရှားဖွယ်ရာ စွန့်စားမှုတွေကို ပေးစွမ်းလျက်ပါပဲ။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ ကလေး **တိရစ္ဆာန်**ဥယျာဉ်ဟာဆိုရင် နိုင်ငံရဲ့ ထိပ်ဆုံး **တိရစ္ဆာန်**ဥယျာဉ်၁၀ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး သိပ္ပံပြတိုက်ထဲမှာလည်းပဲ လျှောစီးနိုင်တဲ့ နှစ်လွှာလျှောတွေ၊ **ရုက္ခ**ဗေဒဥယျာဉ်မှာဆိုရင်လည်း အတွင်းပိုင်းတန်ဆာဆင်ထားပြီး သိပ်ပြီး သာယာကြည်နူးဖွယ်ကောင်းလှတဲ့ ပန်းဥယျာဉ်တွေ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ အသစ်တဖန် ပြန်လည်ပုံသွင်းထားတဲ့ အမျိုးသားပြတိုက်အတွင်းမှာရှိတဲ့ အနုပညာပြသမှု လက်ရာတွေကို အလည်လာရောက်ပြီး ခံစားလှည့်ပါ။

## ညစားသုံးဆောင်မှုများ၊စားသောက်ဆိုင်များ



ဒေသတွင်းရှိ ရသာထူးကဲကောင်းမွန်လှတဲ့ ချက်ပြုပ်ပုံစံများနဲ့ တည့်ခင်းဧည့်ခံလျက်ရှိတဲ့ အစားအစာများဟာဆိုရင် လာရောက်သုံးဆောင်သူတို့ရဲ့ ခံတွင်းကို လျှာလည်သွားစေမှာ ဧကန်မုချပါပဲ။ မြို့အတွင်းမှာ မရေမတွက်နိုင်တဲ့ စားသောက်ဆိုင်များရှိနေတာဟာဆိုရင် ကျွန်တော်တို့အဖို့ ဂုဏ်ယူဝမ်းမြောက်စရာတစ်ခုဖြစ်ပြီးတော့ အားလုံးသော အစားအစာများဟာ ရသာထူးကဲ ကောင်းမွန်လျက်ရှိပါတယ်။ တန်ဖိုးကြီး အေးဆေးတည်ငြိမ်လှတဲ့ စားသောက်ဆိုင်များ မှစပြီး သာမာန် တိုင်းရင်းသားမျိုးစုံတို့ရဲ့ ရိုးရာစားသောက်ဆိုင်များမှာပါ ထူးခြားတဲ့ အစားအစာတွေကို မြည်းစမ်းပြီး အေးချမ်းလှတဲ့ ညသဘာဝအလှအပတွေကို ဖယောင်းတိုင်မီးအလင်းများနဲ့ ခံစားရင်း ညစာကို သုံးဆောင်နိုင်မှာပဲဖြစ်ပါတယ်။

## ပွဲတော်များဖြင့် ပျော်ပွဲရွှင်ပွဲများ



အရှေ့မြောက်ပိုင်း အင်ဒီယားနားပြည်နယ် ဖော့ဝိန်းမြို့မှာ ရာသီတိုင်း အတုမရှိ ပျော်ရွှင်ဖွယ်ရာ ပွဲတော်များနဲ့ စည်ကားလျက်ရှိပါတယ်။ ဟတ်ဝါတာပန်းခြံဟာ မြို့ထဲရှိ ပျော်ပွဲရွှင်ပွဲများကျင်းပရာ အားကစားကွင်း တစ်ခုဖြစ်ပြီး ပျော်ရွှင်ဖွယ်ရာ လှုပ်ရှားမှုများဖြင့် စည်ကားလျက်ရှိသလို ဆောင်းရာသီတွင်လည်း နှင်းလျှောစကိတ်စီးနိုင်ပြီး နွေရာသီတွင် ကိတ်မုန့်ပွဲတော်များဖြင့် ပျော်ရွှင်ဖွယ်ရသများကို ခံစားနိုင်ပါတယ်။ မိတ်ဆွေတို့အနေဖြင့် မြို့တွင်းသို့ လာရောက်လည်ပတ်စဉ်မှာ ဘယ်လို ပျော်ပွဲရွှင်ပွဲများရှိတယ်ဆိုတာကို သိရှိလိုပါက VisitFortWayne.com မှာရှိတဲ့ ပွဲတော် ပြက္ခဒိန်ကို စစ်ဆေးနိုင်ပါတယ်။

## အနုပညာနှင့် ဖျော်ဖြေမှုများ



ကာရန်မဲ့ အနုပညာများကို ဖေါ်ထုတ်ရင်း ဖော့ဝိန်းမြို့မှာ ကျင်းပလျက်ရှိတဲ့ ဖျော်ဖြေမှုရသများကိုလည်း ခံစားနိုင်ပါတယ်။ ဘရော့ဝေးသံရုံးမှာ လက်မှတ်များကို ယူနိုင်ပြီး ပြဇာတ်ရုံရှိ စင်တင်ဒရာမာများကိုလည်း ကြည့်ရှုနိုင်တယ်။ ပန်းချီကားများကိုလည်း ရှုစားနိုင်သလို ဖော့ဝိန်းဘဲလေး (သို့မဟုတ်) ဖော့ဝိန်း အကပေါင်းစည်းရုံးမှ တင်ဆက်ကပြတဲ့ အကအလှများကိုလည်း နှစ်သက်ခံစားနိုင်ပါတယ်။ www.VisitFortWayne.com မှာ နှစ်စဉ် ဘယ်လိုပုံစံ စင်တင်တေးဂီတတွေရှိတယ်ဆိုတာကို စစ်ဆေးပါ။

VisitFortWayne
INDIANA



### ဟိုတယ်များနှင့် ယာယီနေရာထိုင်ခင်းများ

မြို့ပတ်ဝန်းကျင်မှာ ကျယ်ဝန်းလှတဲ့ အိပ်ခန်းတွေနဲ့ ခန်းနားထည်ဝါလှတဲ့ ဟိုတယ်တွေလည်းရှိပါတယ်။ ပေါ်များလှတဲ့ စည်းစိမ်များကိုခံစားရင်း ဝန်ဆောင်မှုတွေပြည့်နှက်နေတဲ့ ရွေးချယ်စရာ ဟိုတယ်ပေါင်း ၅၀ခန့်မှာ ဆန်းပြားတဲ့ အိပ်ရာများ၊ မနက်စာများနဲ့တစ်ကွ မိတ်ဆွေတို့ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမှုရှိတဲ့ နေရာထိုင်ခင်းတွေကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ [VisitFortWayne.com](http://VisitFortWayne.com) မှာ အခန်းကို ကြိုတင်ရက်ချိန်းယူနိုင်ပြီး မြို့တွင်းမြေပုံကိုလည်း စစ်ဆေးနိုင်ပါတယ်။



### ဈေးဝယ်ထွက်ခြင်း

တကယ်လို့ မိတ်ဆွေဟာ ဈေးဝယ်ထွက်ခြင်းကို ကြိုက်နှစ်သက်သူဖြစ်တယ်ဆိုရင် ဖော့ဝိန်းမြို့ဟာ မိတ်ဆွေအတွက် မှန်ကန်တဲ့ နေရာပါပဲ။ အတုမရှိ ထူးခြားလှပြီး ဆန်းသစ်တဲ့ ပုံစံများဖြစ်တဲ့ ရှေးဟောင်းပစ္စည်းတွေတည်ရှိရာ ဖော့ဝိန်းမြို့မှာ မိတ်ဆွေလိုချင်တဲ့ အရာများကို ရှာဖွေတွေ့ရှိနိုင်မှာ မလွဲမှုချပဲဖြစ်ပါတယ်။ မပြီးဆုံးနိုင်တဲ့ ဈေးဝယ်ထွက်ခြင်းဟာ မြို့တွင်းမှာရှိတဲ့ ထူးခြားပြီး နာမည်ကြီးလှတဲ့ စတိုးဆိုင်တော်တော်များမှာရှိတဲ့ တန်ဖိုးရှိပြီး အရည်အသွေးကောင်းမွန်လှတဲ့ အရာတွေကို ရရှိနိုင်တဲ့ ကြီးမားလှတဲ့ အခွင့်အရေး တွေပဲဖြစ်ပါတယ်။



### အားကစားများ

မိတ်ဆွေဟာ အားကစားလှုပ်ရှားမှုများမှာ ကိုယ်တိုင်ပါဝင်ရတာ (သို့မဟုတ်) အားကစားပွဲစဉ်များကို ရှေ့ဆုံးကနေပြီး ကြည့်ရှုရတာကို ကြိုက်နှစ်သက်တဲ့သူ တစ်ယောက်လား? ဘယ်အဖွဲ့မှာပဲ ပါပါ ဖော့ဝိန်းမြို့မှာ ကြည့်ရှုအားပေးနိုင်တဲ့ အခွင့်အရေးတွေ မြောက်မြားစွာရှိပါတယ်။ မိတ်ဆွေအနေနဲ့ နာမည်ကြီး အားကစားပွဲများကို ကြည့်ချင်လို့ပဲဖြစ်ဖြစ်၊ ကျောင်းအားကစားပွဲများကို ခံစားချင်လို့ပဲဖြစ်ဖြစ် ဒါမှမဟုတ် မိတ်ဆွေကိုယ်တိုင်ကိုယ်ကျ ပါဝင်ချင်တာပဲဖြစ်ဖြစ် ဖော့ဝိန်းမြို့မှာ အဒီ့အခွင့်အရေးတွေကို ရှာဖွေနိုင်မှာပါပဲ။ အမေရိကန်နိုင်ငံအတွင်းမှာရှိတဲ့ နံပါတ်တစ် မိုင်နာ အားကစားအသင်းအဖွဲ့လို့ ကျွန်ုပ်တို့ နာမည်ပေးထားတဲ့ အားကစားပွဲတော်ကိုလည်း မိတ်ဆွေအနေနဲ့ မကြာမီ ကြည့်ရှုခံစား ရတော့မှာဖြစ်ပါတယ်။

### ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

လမ်းညွှန်အပြည့်အစုံကို ရရှိနိုင်ဖို့အတွက် အီးမေးလ်နှင့်ဖြစ်စေ ဖုန်းခေါ်ပြီးဖြစ်စေ တောင်းဆိုနိုင်ပါတယ်။ မိတ်ဆွေလိုချင်တဲ့ သတင်းအချက်အလက်များ၊ မြေပုံများ၊ဧည့်လမ်းညွှန်များ၊ ဂိုက်များ၊ ပွဲတော်များကျင်းပမည့် အချိန်များနှင့်တစ်ကွ တစ်ခြားသော အရာများကို ကျွန်ုပ်တို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ပေးပို့ပေးမှာဖြစ်ပါတယ်။

မိတ်ဆွေအနေနဲ့ ၁-၈၀၀-၇၆၇-၇၇၅၂ ကိုခေါ်ဆိုနိုင်သလို [www.VisitFortWayne.com](http://www.VisitFortWayne.com) မှာလည်း စစ်ဆေးကြည့်ရှုခြင်းအားဖြင့် ဧည့်သည်စင်တာကို ရောက်ရှိနိုင်မှာပါ။

### ဘာသာစကားနှင့် ဘာသာပြန်ဝန်ဆောင်မှု

အင်္ဂလိပ်စကားမပြောဆိုနိုင်တဲ့ ဧည့်သည်များ အကူအညီလိုအပ်ပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါတယ်။


American Red Cross MIX Program
1212 E. California Rd.
Fort Wayne, IN ၄၆၈၀၅
(၂၆၀)၄၈၄-၉၃၃၆ ext. ၂၄၂

City of Fort Wayne
Planner - Hispanic and Immigrant Liaison
Citizens Square, 200 East Berry St., Suite #320 | Fort Wayne, IN 46802
Office: 260.427.6214 | Fax: 260.427.1132
palermo.galindo@cityoffortwayne.org
www.cityoffortwayne.org/hispanic-immigrant-liaison.html